# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# သစ်တောဦးစီးဌာန
# လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်- ၂ / ၂၀၂၂
## ၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
## ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာန၊ ရေဆင်းတွင် လစ်လပ်လျှက်ရှိသော (လစာနှုန်း ကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) သုတေသနလက်ထောက်(၃)၊ ပညာရှင်အဆင့်(၂) ရာထူးနေရာ (၃)နေရာ အတွက် လျှောက်လွှာများတင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) သိပ္ပံဘွဲ့ တစ်ခုခုရရှိသူ ဖြစ်ရမည်၊

(ဂ) ၂၈-၂-၂၀၂၂ ရက်နေ့တွင် အသက်(၃၀)နှစ်ထက်မကြီးသူ၊ နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက အသက် (၃၅)နှစ်ထက် မကြီးသူ ဖြစ်ရမည်၊

(ဃ) ကွန်ပျူတာအခြေခံသင်တန်းတက်ရောက်အောင်မြင်သူဖြစ်ရမည်၊

(င) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံ သန်စွမ်းသူဖြစ်၍ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(စ) ပြစ်မှု/ပြစ်ဒဏ်ကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်းမှ ထောက်ခံချက် ပေးအပ်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများ (pdf format ဖြင့် scan ဖတ်၍ ) ပူးတွဲလျက် fridiroffice@forest.gov.mm သို့ ၂၈-၂-၂၀၂၂ နောက်ဆုံးထား၍ Online စနစ်ဖြင့်သာပေးပို့လျှောက်ထားရမည် (လူကိုယ်တိုင်လာရောက် လျှောက်ထားရန် မလိုပါ) -

(က) ဘွဲ့လက်မှတ်မူရင်း (စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်းတင်ပြရန်)၊

(ခ) အသက်အထောက်အထားအတွက်တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်း (စစ်ဆေးသည့်အခါ အောင်လက်မှတ် မူရင်းတင်ပြနိုင်ရမည်)၊

(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ ၆ လ အတွင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု/မှုခင်း ကင်းရှင်းကြောင်းထောက်ခံချက်မူရင်း၊

(ဃ) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်း၊

(င) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန ဌာနအကြီးအမှူး၏ခွင့်ပြုချက် မူရင်း။

၄။ စည်းကမ်းနှင့် မကိုက်ညီသော(သို့မဟုတ်) မပြည့်စုံသော (သို့မဟုတ်) သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲကို အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ ဘာသာများအား မေးခွန်းတစ်ခုတည်းဖြင့် ပေးမှတ်(၁၀၀)မှတ် ဖြေဆိုရေး ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အထွေထွေဗဟုသုတအတွက် ၂၀၂၀ ခုနှစ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စုစည်းပြုစုထားသည့် သိမှတ်ဖွယ်ရာဗဟုသုတအဖြာဖြာစာအုပ်ပါ အချက်အလက်များနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများစာအုပ်ပါ အချက်အလက်များအား မေးမြန်းသွားမည်ဖြစ်၍ လေ့လာရမည့်အခန်းများအား ၈-၂-၂၀၂၁ ရက်နေ့တွင် သစ်တောဦးစီးဌာန၏ Website www.forestdepartment.gov.mm နှင့် www.facebook.com/ forestdepartment.gov.mm တို့တွင် ကြိုတင်ကြေညာပေးသွားမည် ဖြစ်ပါသည်။

၆။ ရေးဖြေစာမေးပွဲ ကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာ နှင့် စာမေးပွဲဖြေဆိုရန်အတွက် လျှောက်ထားသူတစ်ဦးချင်းစီ၏ စာမေးပွဲခုံနံပါတ်များကို သစ်တောဦးစီးဌာန၏ Website www.forestdepartment.gov.mm နှင့် www.facebook.com/ forestdepartment.gov.mm တို့တွင် ကြိုတင်ကြေညာပေးသွားမည် ဖြစ်ပါသည်။

၇။ လက်ရှိ COVID-19 သတ်မှတ်ချက်များအရ နေပြည်တော်တွင် နေထိုင်သူများကို သစ်တောသုတေသနဌာနတွင်လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေထိုင်သူများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးများတွင်လည်းကောင်း ရေးဖြေစစ်ဆေးသွားမည်ဖြစ်ပါသဖြင့် လက်ရှိနေရပ်ကိုတိကျစွာ ထည့်သွင်း ဖော်ပြလျှောက်ထားရပါမည်။

၈။ အခြားစုံစမ်းမေးမြန်းလိုပါက သစ်တောဦးစီးဌာန၊ တယ်လီဖုန်းအမှတ်- ၀၆၇-၃၄၁၆၅၂၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး လျှောက်လွှာပုံစံများကို အောက်ဖော်ပြပါ Website www.forestdepartment.gov.mmတွင် Download ရယူနိုင်ပါသည်။

သစ်တောဦးစီးဌာန